ရွှေပုဒေသာစာပေ

# မယ်ဒိုင်

# ပင်ယံထက်ကမြေမခပန်း

အချစ်
လုံးချင်းဝတ္ထုရှည်



# အခန်း(၁)

လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်ခန့်က မိတ္ထီလာမြို့တွင် သိပ်ချမ်းသာသော သူဌေးတစ်ယောက်ရှိခဲ့ဖူး၏။

အလွန်ခမ်းနားသောအိမ်ကြီးနှင့် များ ပြားလှသော လုပ်ငန်းတို့ ကို ပိုင်ဆိုင်ခဲ့ပါသည် ။ ခြွေရံ သင်းပင်းများ စွာနှင့် ထိုသူဌေးကြီးနေထိုင်သော ခမ်းနားတဲ့ ထိုအိမ်ကြီးကို 'ရွှေခြံရံ'ဟု အမည်ခေါ်တွင် စေခဲ့ပါသည် ။

ထိုရွှေခြံရံအိမ်ကြီးကို ကြေးနီးရောင် ခြံစည်းရိုးတို့ က ဝိုင်းရံထားပြီး ခိုင်ခံ့ထည်ဝါလွန်းလှသည့် နီညိုရောင်တံခါးရွက်ကြီးနှင့် အဝင်ဝကို မွမ်းမံထားခဲ့ပါသည် ။

ဆင်ဝင်အောက်တွင် ဘော်စကွန်ကားလေးတစ်စီးက နေရာယူနေတတ်ပြီး အိမ်မကြီး၊ မီးဖိုဆောင်၊ အိမ်လုံးလေးနှင့် အလုပ်သမားတန်းလျားဆိုတဲ့ အဆောက်အဦများ နှင့် ရွှေခြံရံကို ဖွဲ့စည်းတည်ဆောက်ထားခဲ့ပါသည် ။ မိတ္ထီလာမြို့တွင် ရွှေခြံရံက အထင်ကရအိမ်ကြီးဖြစ်သလို ခမ်းနားထည်ဝါတဲ့ လူနေမှုစနစ်ဖြင့်လည်း နေထိုင်သူတွေက နာမည်ကြီး ကျော်စောလှပေသည် ။

ထိုသို့ခမ်းနားသော ရွှေခြံရံ၏ တံခါးဝ၌ ခြေထောက်တစ်စုံက ရပ်တန့်သွားပါ၏။

"ကလောင် ကလောင်"

ဟူသော ခေါင်းလောင်းတီးသံတစ်ခုက ထွက်ပေါ်လာသည် နှင့် ခြံအတွင်း သန့်ရှင်းရေးလုပ်နေသူ ဦးမြတ်မှာ တံမြက်စည်း ရိုးတံရှည်ကြီးကို ခြံစည်းရိုးတွင် မှီကာ ထောင်ထားလိုက်ပြီး နီညိုရောင်ရင့်ရင့် သံပန်းတံခါးမကြီးဆီ လျှောက်သွားခဲ့ပါသည်။

"ကလောင် ကလောင် ကလောင်"

"ဘာကိစ္စရှိလို့ လဲ"

ကလေးငယ်ကို လက်ဆွဲထားသော အသက်လေးဆယ်ဝန်းကျင်အရွယ်ရှိ အမျိုးသမီးကြီးကိုမေးလျှင် အမျိုးသမီးကြီးက ဦးမြတ်ကို သေသေချာချာကြည့်ကာ...

"ရှင်က ဦးမြတ်ဆိုသူထင်တယ်"

"ဟုတ်ပါတယ်၊ ကျုပ်က ဦးမြတ်ပါ"

"ကျွန်မနာမည်က မြမြနှင်းပါ"

တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးသောသူက သူမကိုယ်သူမ မိတ်ဆက်ရုံမကဘဲ၊ သူ့နာမည်ကိုပါ သိနေ၍ ဘာကိစ္စလဲဆိုတာ ဦးမြတ်မှာ တွေးစရာဖြစ်သွားရပါသည်။

"ဒါနဲ့ မမြမြနှင်းက ဘာကိစ္စများ လဲ"

"ကျွန်မက မန္တလေးကပါ၊ ကျွန်မက ဒီရွှေခြံရဲ့ အရှင်သခင် ဦးနေလနဲ့ တွေ့ဖို့ လာတာပါ"

ထိုအမျိုးသမီးက အထစ်အငေါ့မရှိပင် ဆရာ့ရဲ့ နာမည်ကို ပြောနေ၍ ဦးမြတ်မှာ နဖူးကြောတွန့်သည် အထိ စဉ်းစားလိုက်မိပါသည်။

"ဦးနေလများ ရှိပါသလား"

“ရှိတော့ရှိပါတယ်၊ ဒါပေမဲ့ ”

“ဒါပေမဲ့ ဘာဖြစ်သလဲ၊ ပြောပါ”

“အပြင်သွားတယ်ဗျ၊ ဒါပေမဲ့ ဆရာကတော်ကတော့ ရှိနေပါတယ်”

“ဒေါ်မိုးမေပေါ့ ဟုတ်လား”

“ဗျာ ဆရာကတော့်ကိုလည်း သိတယ်”

ဟု ဆိုပေမယ့်လည်း အိမ်ထဲဝင်ခွင့်မပေးသေးတဲ့ အခြေအနေကို မြမြနှင်း သဘောပေါက်လိုက်မိပါသည် ။ ထို့ကြောင့်ပင် လက်ကိုင်အိတ်လေးကိုဖွင့်လိုက်ပြီး စာအိတ်တစ်အိတ်ကိုထုတ်ပြီး လှမ်းပေးလိုက်ပါသည် ။

“ဒါကို ဦးနေလရဲ့ လက်ထဲ ထည့်ပေးလိုက်ပါ။ အကယ်၍ စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့ ဒီမြို့ထဲက တည်းခိုးခန်းတစ်ခုမှာ ရှိနေမယ်။ ဒီမြို့က ကျဉ်းပါတယ်၊ ဦးနေလရဲ့ ဓနအင်အားနဲ့ ကျွန်မတို့ ကိုရှာဖို့တော့ မခက်လောက်ပါဘူး”

ဟု ဆိုကာ ချထားသောခရီးဆောင်အိတ်ကို ဆွဲလိုက်ပြီး ကလေးရဲ့ လက်ကိုဆွဲကာ ထွက်သွားသောအမျိုးသမီးကို ဦးမြတ်က အတွေးများစွာတို့ နှင့် ငေးကြည့်နေစဉ်တွင် ...

“ဘယ်သူလဲ ဦးမြတ်”

“မြမြနှင်းတဲ့ ”

“ဦးမြတ်ရဲ့ အသိလား”

“ကျုပ်ကတော့ မသိပါဘူး၊ ဒါပေမဲ့ ကျုပ်ကိုတော့ သိနေတယ်”

ဟု ဆိုလျှင် လှပကျော့ရှင်းနေသော အမျိုးသမီးမှာ ပြုံးလိုက်မိပါသ

ည် ။ သို့သော် ထိုအပြုံးက တာရှည်မခံလိုက်ပါချေ။

"ဆရာနဲ့ ဆရာကတော့်ကိုလည်း သိနေတယ်"

"ဟင်"

သူမ အံ့သြသွားရပါသည် ။

"လက်ထဲက ဘာလဲ"

ဟု ဦးမြတ်.ကိုင်ထားသော စာအိတ်ကို ရည်စူးပြီးပြောလျှင် ဦးမြတ်က သူ၏ လက်ထဲမှ စာအိတ်ကို ငုံ့ကြည့်ပြီး...

"အဲဒီမိန်းကလေးက ပေးသွားတာ၊ ဆရာ့ကိုပေးပေးပါတဲ့ ။ ဆရာကတော်ပဲ ယူသွားပါတော့။ ဆရာနဲ့ ဆရာကတော်က အတူတူပဲကို"

ဟု ဦးမြတ်ကဆိုလျှင် သူမက ထိုစာကိုလှမ်းယူလိုက်ပြီး အိမ်ဘက်ဆီသို့ တွေးဆဆနှင့် လျှောက်လာခဲ့မိပါသည် ။

ဘာလဲ... အဲဒီမြမြနှင်းဆိုသူက ဘယ်သူလဲဟူသောအတွေးနှင့် ကလေးငယ်ကို လက်ဆွဲပြီး ထွက်သွားသော ပုံရိပ်တစ်ခုကို မျက်လုံးထဲ ပုံဖော်နေမိပြန်ပါသည် ။ သူမ မသိတာအမှန်ပါ။ သေချာပါသည် ။ ထိုကိုယ်လုံးကိုယ်ထည်မျိုးနဲ့ အမျိုးသမီးကို သူမ မသိတာအမှန်ပါ။ ဘယ်သူများ လဲ၊ အိမ်ရှေ့ကိုရောက် လာပြီးမှ သူမကိုလည်း သိနေလျက်နှင့် ဘာလို့ သူမကိုဝင်မတွေ့သွားရတာလဲ။

ခရီးဆောင်အိတ်ကြီးနဲ့ ဆိုတော့ ခရီးသွားဆိုတာ သိသာလှပါသည် ။ ဘယ်ကလာတာလဲ၊ ပြီးတော့ ဘာလို့ အစ်ကို့ထံ ဒီစာကိုပေးသွားရတာလဲ ဟူသော အတွေးများ စွာက သူမအာရုံထဲ လွင့်မျောနေရပါသည် ။

ဦးမြတ်ထံမှ ရရှိသော ထိုစာအိတ်ကိုကြည့်ပြီး သူမစိတ်ထဲ

ဇဝေဇဝါဖြစ်နေရပါသည် ။ ထိုစာဟာ စီးပွားရေးကိစ္စမျိုးမဟုတ်တဲ့ လူမှုရေးကိစ္စတစ်ခုဖြစ်လိမ့်မည်ဟု သူမ ယုံကြည်နေမိပါသည် ။ ဘာလဲ... ဘာအကြောင်းကိစ္စကြောင့် စာတစ်တန်ပေတစ်တန် ဖြစ်လာရတာလဲ။

သူမ စိတ်ဝင်စားလာရပါသည် ။ ထို့ကြောင့်ပင် သိချင်စိတ်ကို ထိန်းမထားနိုင်သည့်အဆုံး၌ စာအိတ်ကိုဖွင့်ပြီး ကြီးမားသောစာရွက်ကို ဖြန့်လိုက်၏။

'သို့

ဆရာကတော်လို့ ခေါ်တဲ့ ဒေါ်မိုးမေ

ဟူသောစာကြောင်းကြောင့် သူမ လန့်သွားရပါသည် ။ သူမပို၍ စိတ်ဝင်စားလာရပါ၏။ ဦးနေလအတွက် ဟူသောစာက သူမနာမည်ဖြစ်နေသောကြောင့်ပါ။ သူမ စာကို ဆက်ဖတ်လိုက်ပါသည် ။

'သိပ်ကိုအံ့ဩသွားသလား၊ မအံ့ဩပါနဲ့ ။ ဘာလို့ လဲဆိုတော့ ရှင့်အကျင့်ကိုသိနေသူမို့ပါ။ ဦးနေလဆီပေးခဲ့တဲ့ ဒီစာက သေချာပေါက် ရှင့်လက်ထဲရောက်မယ်ဆိုတာ ကျွန်မ သိနေခဲ့ပါတယ်။ ရှင်နဲ့ ကျွန်မရဲ့ တိုက်ပွဲက မကြာခင်စတော့မယ်။ ရှင်ပြင်ဆင်ထားလိုက်ပါ။ သိက္ခာရှိတဲ့ တိုက်ပွဲဖြစ်ချင်လို့ ရန်သူကို စစ်ကြေငြာပြီးမှ ပဲ ကျွန်မ ဝင်လာမှာ ပါ။ သက်ရောက်မှုတိုင်းမှာ တန်ပြန်တက်ရောက်မှုရှိတဲ့ ရှင်ပြောခဲ့တဲ့ နိယာမဟာ မှန်ကန်ကြောင်း ကျွန်မ သက်သေပြရလိမ့်မယ်'

ခင်မှုန်ခ

စာရွက်ပင် လွတ်ကျသွားရသည် အထိ သူမ တုန်လှုပ်ချောက်ချားသွားရပါ၏။ သူမရဲ့ နဖူးထက်မှ ဇောချွေးတို့ က နဖူးမှ တစ်ဆင့် ပါးပြင်သို့ပင် စီးကျလာခဲ့ရပါသည် ။

‘ခင်မှုန်ခ, နင် ဘာတွေများ ငါ့ဘဝထဲနှောင့်ယှက်ဦးမှာ လဲ’ ဟု ပင်နှုတ်မှ ယောင်နန ပြောဆိုမိသွားရပါသည် ။ သူမ ရင်တွေ တလှပ်လှပ်တုန်ယင်လာရပါ၏။ သူမရဲ့ အာရုံထဲတွင် သူမကို ခပ်စိမ်းစိမ်းကြည့်နေသော ခင်မှုန်ခရဲ့ အကြည့်တွေက ကြောက်မက်ဖွယ် ကြီးစိုးနေရပါသည် ။

သူမ ဘာလုပ်ရမလဲ… ဘာလုပ်သင့်သလဲ၊ ဘာတွေဆက်ဖြစ်လာမှာလဲ။ ဘာဆိုဘာမှ ကို မတွေးနိုင်လောက်အောင် ဦးနှောက်တစ်ခုလုံး ချာချာလည်နေခဲ့ရပါတော့သည် ။

*

# အခန်း(၂)

"ဆရာကတော် နေမကောင်းဘူးဆို"

ဟု ဆိုကာ အိမ်ရဲ့ အိမ်တော်စိုးကြီးဟု လည်း ပြောလို့ ရသူ၊ ဆွေမျိုး သဖွယ်ဖြစ်နေသူ ဒေါ်ကြီးမြစိန်က သူမလဲလျောင်းနေရာ အခန်းထဲသို့ ဝ င်လာသည် တွင် သူမက အိပ်နေရာမှ ထထိုင်လိုက်ပြီး...

"ဒေါ်ကြီးစိန်၊ ကျွန်မဘာလုပ်ရမလဲဟင်"

"ဘာဖြစ်လို့ လဲ ဆရာကတော်"

နွေးထွေးသော မျက်လုံးမျိုးနှင့် သူမကို ရိုရိုသေသေဆိုလျှင် သူမက ခေါင်းအုံးအောက်မှ စာခေါက်ကလေးကို ဒေါ်ကြီးမြစိန်ထံ လှမ်းပေးလို က်ပါသည် ။

ထိုစာခေါက်လေးကို ဒေါ်ကြီးမြစိန်က လှမ်းယူလိုက်ပြီး ဖြန့်ကာ စာ ကိုဖတ်လိုက်သည် တွင် ...

"ဟင်"

ဒေါ်ကြီးမြစိန်ရဲ့ မျက်နှာမှာ လည်း အံ့သြမှုတွေ၊ စိုးရိမ်ခြင်းတွေပါ ပြ ည့်နက်သွားရပါသည် ။

"ဒါကို ဘယ်ကရတာလဲ"

"မနေ့က မိန်းမတစ်ယောက် အိမ်ကိုလာသွားတယ်"

"ခင်မှုန်ခလား"

"ဟင့်အင်း… တခြားလူပါ၊ အစ်ကို့ကိုပေးပေးပါ ဆိုပြီး ဦးမြတ်ကို ပေးသွားတယ်"

"ဟွန်း… ဒဏ်ရာဟောင်းမှာ အနာတရဖြစ်ပြန်တော့မယ်ထင်ပါရဲ့ ။ ဘာတွေဆက်ဖြစ်ဦးမလဲ၊ ခုဆို ဒါတွေပြီးသွားတာ လေးနှစ်လောက်ကြာသွားပြီလေ။ ခင်မှုန်ခနဲ့ ခက်ပါရဲ့ ကွယ်၊ ဘာတွေထပ်လုပ်ဦးမှာ လဲ"

"ကျွန်မ ကြောက်နေမိတယ် ဒေါ်ကြီးစိန်ရယ်။ အရင်တုန်းကတော့ ကျွန်မနဲ့ အစ်ကို့ကြား၊ တစ်ခုခုဖြစ်ခဲ့ရင်လည်း ဘာမှ မဖြစ်သေးဘူး။ ပြင်ဆင်ချိန်ရှိခဲ့တယ်။ ခုဆို သမီးကြီးနဲ့ သမီးငယ်က ကျောင်းနေပြီး သိတတ်နေပြီ။ သမီးတွေရင်ထဲ အနာတရဖြစ်မယ့်ကိစ္စမျိုးတွေ ရှိလာမှာ ကို ကျွန်မကြောက်မိတယ်"

"ခင်မှုန်ခနှယ်နော်၊ အငြိုးကြီးလိုက်တာ။ ကြောက်စရာလည်း ကောင်းပါရဲ့ ။ အမှောင်ထဲကလူကို ကိုယ်က ဘယ်မြင်နိုင်ပ့ါမလဲ။ ခင်မှုန်ခရဲ့ စိတ်က ဆန်းပါဘိသနဲ့ ။ ဘာတွေထပ်လုပ်မယ်ဆိုတာ မသိနိုင်ဘူး။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ ပြင်ဆင်ကြရုံပေ့ါ"

ဟု ဆိုသည် တွင် သူမက ဒေါ်ကြီးမြစိန်ရဲ့ လက်ကို ဖွဖွဆုပ်ကိုင်လိုက်ပြီး…

"ဒေါ်ကြီး အကယ်၍ ပြဿနာတစ်ခုခုဖြစ်လာခဲ့ရင် ကျွန်မဘက်က ရပ်တည်ပေးနိုင်မလား"

"ဆရာကတော်ရယ်၊ ဒီမိသားစုနဲ့ ဒီရွှေခြံရဲ့အိမ်ကြီး တည်တံ့ခိုင်မြဲဖို့ကို ဒေါ်ကြီးမလုပ်နိုင်စရာ မရှိပါဘူး"

ဟု ဆိုကာ သက်ပြင်းမောကို ရှိုက်လိုက်ပြီးမှ …

"သာမန် ဆိုရင်တော့ ကိစ္စမရှိပေမယ့် ခင်မှုန်ခကိုတော့ သတိထားစရာပဲ။ သူ့ဘက်က တစ်ခုခုကိုသေချာနေလို့ ခုလိုစစ်ကြောညာလိုက်တာပဲ။ ဟင်း... ဘာတွေများ လုပ်ဇာတ်တွေခင်းဦးမှာ လဲ"

"ကျွန်မကလည်း ဒါကိုပဲ မစဉ်းစားနိုင်တာပါ ဒေါ်ကြီးစိန်ရယ်"

"ဇကေန္တ ဆရာနဲ့ များ အဆက်အသွယ် ရှိနေကြတာလား"

"ရှိပုံမရဘူး၊ မရှိလို့ ဘဲ ဒီအထိ အဲဒီအမျိုးသမီးက ရောက်လာခဲ့တာပေါ့"

"အင်း... ဒီပုံအတိုင်း ဆိုရင်တော့ ခင်မှုန်ခက ဒီရွှေခြံရံထဲကို ဒုတိယအကြိမ် အခြေပြန်ချတော့မယ့်ပုံပေါ့"

"ဘယ်လိုပုံမျိုးနဲ့ ရောက်လာမယ်မှန်းမသိပေမယ့် ကျိန်းသေပေါက်ကို ခင်မှုန်ခ ပေါ်ထွက်လာတော့မှာ ပါ။ ခင်မှုန်ခပေါ်လာစရာ နည်းလမ်းရှိတယ်"

"ဘယ်လိုလဲ"

"ဒီအိမ်က ထွက်သွားစဉ်မှာ ခင်မှုန်ခမှာ ကိုယ်ဝန်ပါသွားခဲ့တယ်လေ ။ ကျွန်မ မပြောနိုင်တာတစ်ခုက အဲဒီကိုယ်ဝန်သာ အစ်ကိုနဲ့ အကြောင်းပါခဲ့ရိုးမှန်ရင် ခင်မှုန်ခဝင်လာစရာ ဒီတစ်နည်းပဲရှိတော့တယ်"

"ခင်မှုန်ခက ဖိုးကျော်နဲ့ လက်ထပ်သွားတယ်လို့ ကြားတာကရော"

"သိပ်မသေချာတဲ့ သတင်းတွေပါ"

"မသေချာတဲ့ သတင်း ဟုတ်လား"

ဒေါ်ကြီးမြစိန်က ဆိုချိန်မှာ တော့ ဒေါ်မိုးမေမှာ အဓိပ္ပာယ်များ စွာတို့ရစ်သိုင်းနေသော မျက်လုံးမျိုးနှင့် ကြည့်နေခဲ့ပါသည် ။

“ကျွန်မ စိတ်မကောင်းပါဘူး ဒေါ်ကြီး၊ အသက်ရှင်နေရတဲ့ ကျွန်မရဲ့ ဘ၀ကလည်း ရှင်သန်ဖို့ ခက်ခဲလွန်းလှပါတယ်။ အရိပ်မည်းကြီးက ကျွန်မကို အမြဲခြောက်လှန့်နေခဲ့တယ်လေ။ ကျွန်မ အဲဒီလိုမလုပ်ချင်ခဲ့ပါဘူး၊ မလွဲသာတော့တဲ့ အခြေအနေမျိုးမို့ပါ။ ကျွန်မကိုကြည့်သွားတဲ့ ဖိုးကျော်ရဲ့ မျက်လုံးတွေက အိမ်မက်ဆိုးကြီးတစ်ခုလိုပါပဲ။ ဒီလေးနှစ်လုံးလုံးလည်း ကျွန်မ မပျော်ရွှင်ခဲ့ရပါဘူး။ ဘာတွေများ ဖြစ်လာနိုင်မလဲလို့ တွေးရင်း ရင်မောခဲ့ရတဲ့ အချိန်တွေလည်း များ ခဲ့ပါပြီ။ ကျွန်မ ကြောက်လန့်နေတယ်၊ သမီးနှစ်ယောက်သာ မရှိရင် ကျွန်မ ဒီအိမ်က ထွက်သွားတာကြာပါပြီ။ ကျွန်မ ဒီလိုဘ၀ကြီးမှာ မနေချင်တော့ဘူး ဒေါ်ကြီးစိန်ရယ်”

ဟု ပြောလိုက်သော ဆရာကတော်ရဲ့ စကားလုံးများက ဒေါ်ကြီးမြစိန်ရဲ့ ရင်ကို နာကျင်သွားစေရပါသည် ။ ဆရာကတော်ရဲ့ သောကတွေကို ဒေါ်ကြီးမြစိန် နားလည်နေပါသည် ။

ဘာဖြစ်လို့ လဲဆိုတော့ ဒေါ်ကြီးမြစိန်ကိုယ်၌ ကလည်း ဒီသောကတွေကို လေးနှစ်လုံးလုံး ထွေးပိုက်ထားခဲ့ရလို့ ပါ။ ဒီအိမ်ကြီးက ခင်မှုန်ခမထွက်ခွာမီအချိန်က ကြည့်သွားခဲ့တဲ့ မျက်လုံးတွေကို ယနေ့တိုင် မမေ့နိုင်ခဲ့ပါချေ။ ငြိုးမာန်ကြီးလိုက်တဲ့ အကြည့်မျိုး ဖြစ်၍ ပါ။ ဘ၀ကြီးက အစကတည်းက မှားနေခဲ့တာကိုး။ ခင်မှုန်ခဆိုသော ငြိုးမာန်ကြီးတဲ့ မာယာနဲ့ မိန်းကလေးကိုသာ ကလေးထိန်းအဖြစ် မခေါ်ခဲ့ဘူးသာဆိုရင် ဒီရွှေခြံရံအိမ်ကြီးမှာ မည်သည့်ပြဿနာမျိုးမှ မရှိနိုင်ပါချေ။

ကုန်လွန်သွားတဲ့ အချိန်တွေကို နောင်တရမိပေမယ့် ပြန်လည်ပြင်ဆင်ဖို့ မှ မဖြစ်နိုင်တော့တာ။

ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘောပိုက်ကာ ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းကြရုံပေါ့။

*

# အခန်း(၃)

"ကလောင်! ကလောင်"

ခေါင်းလောင်းသံက ထွက်ပေါ်လာတာကြောင့် ခြံဝင်းထဲတွင် သန့်ရှင်းရေးလုပ်နေကြသော ဦးမြတ်နှင့်မောင်နိုင်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး မောင်နိုင်ကပဲ လူငယ်ပီပီ တံမြက်စည်းရိုးတံရှည်ကို ဖြစ်သလိုပစ်ချကာ ခြံရှေ့သို့ထွက်လာခဲ့သည် တွင် ကလေးတစ်ယောက်ကို လက်မှာ ဆွဲထားသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပါသည်။

"ဘာကိစ္စများ လဲခင်ဗျ"

တံခါးမကြီးကိုဖွင့်မပေးဘဲ မေးလိုက်သည် တွင် ထိုအမျိုးသမီးက အိမ်ကြီးထဲသို့ မျက်လုံးဝေ့ကြည့်ကာ...

"ဒေါ်မိုးမေ ရှိပါသလား"

"ဩော် ဆရာကတော်က စောစောလေးတင်ပဲ အပြင်ထွက်သွားပါတယ်ခင်ဗျ"

"ဒါဆို ဦးနေလတော့ သေချာပေါက်ရှိနေတယ်မဟုတ်လား"

"ရှိ... ရှိပါတယ်"

"ဒါဆို ဒီစာကို ဦးနေလဆီပို့ပေးပါ"

“ဗျာ !”

မောင်နိုင်မှာ အံ့သြသွားရပါသည် ။ လူကိုယ်တိုင်ရောက်လာပါလျက်နဲ့ ဘာကြောင့် စာတစ်တန် ပေတစ်တန်ဖြစ်နေရတာလဲဟု တွေးဆဆဖြင့်ပင် ထိုအမျိုးသမီးရဲ့ လက်ထဲမှ စာကို လှမ်းယူလိုက်မိပါသည် ။

“ဘယ်သူလို့ ပြောပေးရမလဲ”

“တစ်ချိန်က ခင်မှုန်ခဆို လူတိုင်းသိမှာ ပါ”

“ဗျာ!”

“မင်းကတော့ လူသစ်ထင်တယ်၊ ဒီစာ ဦးနေလလက်ထဲရောက်သွားရင် နေခြည်ဇည့်ရိပ်သာမှာ မြမြနှင်းဆိုတဲ့ အမျိုးသမီး စောင့်နေတယ်လို့ ပြောပေးပါ”

ဟု ဆိုပြီး ချာခနဲလှည့်ထွက်သွားသော အမျိုးသမီးကို မောင်နိုင်က နားမလည်နိုင်စွာ ကြည့်နေမိပါသည် ။

ဒီရွှေခြံရံကို မောင်နိုင် ရောက်ခဲ့သည် မှာ သုံးနှစ်ကျော်ကာလရှိခဲ့ပါပြီ။ သို့သော် ဒီအိမ်ကြီးကိုမူ ခုထိနားမလည်နိုင်သေးပါချေ။ မိသားစုမဟုတ်တဲ့ မိသားစုခြံကြီးဟု ရင်ထဲခံစားရပါသည် ။ အိမ်ရဲ့ အရှင်သခင်ဖြစ်သူ ဦးနေလမှာ လည်း နေ့စဉ်သောက်စားခြင်းနှင့်သာ အချိန်ကို ကုန်လွန်စေပြီး တစ်နေ့လုံးနေလို့ လူမှုရေးစကားတစ်ခွန်းတောင် အပိုမပြောသူဖြစ်ပါသည် ။

ဆရာကတော်နှင့်လည်း လင်မယားဆက်ဆံရေးမျိုး ရှိမနေခဲ့ပါချေ။ ပြီးတော့ သမီးနှစ်ယောက်နှင့်လည်း သားအဖဆက်ဆံရေးမျိုးမရှိသည့်အပြင် ဒီသုံးနှစ်ကျော်ကာလ၌ ဆရာဦးနေလရဲ့ အပြုံးကို မောင်နိုင်မှာ တစ်ကြိမ်တစ်ခါလေးမျှ မတွေ့ခဲ့ဖူး၍ ဦးနေလမှာ ပြုံးမှ ပြုံးတတ်ရဲ့

လားဟု ပင် သံသယဝင်မိပါသည် ။

ဆရာ့ရဲ့ ပုံက သာမန်အိမ်ထောင်ဦးစီး ယောကျ်ားမျိုးနဲ့ မတူတာ အမှန်ပါ။ ဆရာ့ကိုနားမလည်သလို ဆရာကတော့်ကိုလည်း မောင်နိုင် နားမလည်ပြန်ပါ။ ရုပ်ရည်ချောမောသောဆရာကတော်ရဲ့ မျက်နှာတွင် ပျော်ရွှင်မှုပျောက်ဆုံးနေရသလို ခံစားချက်မဲ့လွန်းလှပါသည် ။ အလုပ်နှင့်ပတ်သက်လာလျှင် တိကျပြတ်သားလှတဲ့ ဆရာကတော်က တစ်ခါတစ်ရံမှာ အဝေးတစ်နေရာသို့ ငေးမောပြီး အထူးပင် ငြိမ်သက်နေတတ်ပါသည် ။

အိပ်ခန်းကို တစ်ခန်းစီ ခမ်းခမ်းနားနား သီးခြားအိပ်တတ်သော ဆရာကတော်နဲ့ ဆရာရဲ့ မျက်နှာချင်းဆုံချိန်မှာ မောင်နိုင်သိရသလောက်တော့ မနက်စာစားဝိုင်းတစ်ချိန်တည်းပဲ ရှိနေပါသည် ။

မနက်စာစားဝိုင်းတွင် လည်း ချစ်ခင်နွေးထွေးခြင်း လုံးလုံးမပါတဲ့ စီးပွားရေးကိစ္စ တစ်ခွန်းနှစ်ခွန်းသာ ပြောတတ်သော ဆရာကတော်နဲ့ ဆရာတို့ ရဲ့ ဆက်ဆံရေးမှာ မောင်နိုင့်အဖို့ ထူးဆန်းနေခဲ့တာ အမှန်ပါ။ ဆရာကတော်က မိခင်မို့ မမကြီးနှင့်မမလေးတို့ အား နွေးနွေးထွေးထွေး ဆက်ဆံတတ်ပေမယ့် ဆရာကတော့ မိမိကလေးမဟုတ်သလို အေးစက်စက်ဆက်ဆံတတ်တာကြောင့် တစ်ခါတစ်ရံတွင် မောင်နိုင့်ရဲ့ စိတ်ထဲ၌ မမကြီးနှင့်မမလေးတို့ က ဆရာ့ရဲ့ သွေးသားမှ ဟုတ်ရဲ့ လားဟု သံသယဝင်နေတတ်ပါသေးသည် ။

ဘာပဲဖြစ်ဖြစ် ဒီရွှေခြံရုံအိမ်ကြီးက မောင်နိုင့်အတွက်တော့ ထူးဆန်းနေတာအမှန်ပါပဲ။ အေးစက်စက်နိုင်သော အိမ်တော်စိုးတာဝန်နှင့် ဒေါ်ကြီးမြစိန်ရော၊ တစ်နေ့လုံးမှ စကားနှစ်လုံးပြည့်အောင် မပြောတတ်သည့် ခြံစောင့်ဦးမြတ်ရော။ တစ်နေကုန် အိမ်တွင်းသန့်ရှင်းရေးသာ လု

ပ်နေတတ်သည့် မလေးရော၊ တစ်နေကုန် မီးဖိုးဆောင်ထဲ တကုပ်ကုပ် အလုပ်ရှုပ်နေတတ်သည့် မိအေးပါ ထူးဆန်းလွန်းနေ၍ အင်မတန်စကားများ တတ်သော မောင်နိုင်ပင်လျှင် ဒီရွှေခြံရုံအိမ်ကြီးထဲ၌ စကားနည်းသူဖြစ်လာရပါသည် ။

တစ်နေ့တစ်နေ့ ဆရာဦးနေလ အပြင်သွားရင် နောက်ကလိုက်မယ်၊ ဆရာဦးနေလခိုင်းရင် လုပ်မယ်နှင့် အချိန်ကုန်လာရသည် မှာ ခုဆို ရွှေခြံရုံထဲ၌ သုံးနှစ်ကျော်ခဲ့ပါပြီ။ သူ့အလုပ်က ဆရာဦးနေလရဲ့ အတွင်းရေးမှူးမကျတကျ တောက်တိုမယ်ရလည်း ဟုတ်တဲ့ ကိုယ်ရံတော်တစ်ယောက် ဖြစ်နေခဲ့ပါသည် ။

မောင်နိုင်က အတွေးများ စွာတို့ နှင့် မြမြနှင်းဆိုသော အမျိုးသမီးပေးတဲ့ စာကိုယူဆောင် လာပြီး ဆရာဦးနေလ အမြဲနားနေရာ စာကြည့်ခန်းဘက်သို့ လျှောက်လာခဲ့ပြီး…

“ဆရာ”

ဟု အသံပြုရင်း ဆရာဦးနေလ ထိုင်ဖတ်နေရာအခန်းထဲသို့ ဝင်လာခဲ့ပါသည် ။

ဦးနေလက စာတစ်စောင်ကိုင်ပြီး ဝင်လာသော မောင်နိုင်ကို မျက်လုံးစွေကြည့်လိုက်၏။

“ကလေးနဲ့ အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်၊ အဲဒါ ဆရာ့ကိုစာပေးပြီး ပြန်ထွက်သွားတယ်”

ဟု ဆိုကာ စာကိုလှမ်းပေးလိုက်ပါသည် ။ ထိုစာကို ဦးနေလက လှမ်းယူရင်း စဉ်းစားနေမိပါသည် ။

“ဘယ်သူလဲ”

"တစ်ခါမှ တော့ မမြင်ဖူးဘူးဆရာ၊ ဒါပေမဲ့ တစ်ချိန်က ခင်မှုန်ခလို့ တော့ ပြောသွားပါတယ်"

"ဟင်!"

ဦးနေလရင်ထဲ ဗလောင်ဆူသွားရပါသည် ။ ခင်မှုန်ခဆိုတဲ့ နာမည်က ဦးနေလရဲ့ ရင်ကို ဗလောင်ဆူစေခဲ့မယ်လို့ မောင်နိုင် ဘယ်ထင်လိမ့်မလဲ။

ဦးနေလက စာအိတ်ကို ကဗျာကယာဖွင့်ပြီး စာကိုဖတ်လိုက်သည်တွင် စိတ်လှုပ်ရှားနေခဲ့သော ဦးနေလမျက်နှာအပြောင်းအလဲကို မောင်နိုင် တွေ့မြင်နေရပါသည် ။

မောင်နိုင် အံ့ဩမိပါ၏။ သူ ဒီရွှေခြံရုံကိုရောက်လာသည် မှာ ခုဆိုသုံးနှစ်ကျော်သွားပါပြီ။ ဒီသုံးနှစ်ကျော်ကာလအတွင်း ဦးနေလရဲ့ အနောက်မှ တကောက်ကောက်လိုက်နေခဲ့ရပေမယ့် ဦးနေလရဲ့ မျက်နှာတွင် မည်သို့သောအပြောင်းအလဲကိုမှ မမြင်ခဲ့ဖူးပါချေ၊ အပြုံးအရယ်မရှိမျက်နှာသေကြီးနှင့်သာ အေးစက်စက်နေတတ်သော ဦးနေလကို စိတ်လှုပ်ရှားစေတဲ့ ထိုစာပါ အကြောင်းအရာများကို မောင်နိုင် စပ်စုချင်နေမိပါသည် ။ သို့သော်လည်း အရှင်သခင်ကို မလွန်ဆန်နိုင်တာကြောင့် သိချင်စိတ်ကို ဖုံးဖိပြီး မျက်နှာရိပ် မျက်နှာကဲကိုသာ စောင့်ကြည့်၍ နေခဲ့ပါသည် ။

ဦးနေလက စာကိုဖတ်ပြီးချိန်တွင် မျက်စိကိုပိတ်ကာ အသက်ကိုမှန်မှန်ရှူ၍ ကြာရှည်စွာ ငြိမ်သက်နေပြီးမှ မတ်တတ်ထရပ်လိုက်ပြီးလျှင် မောင်နိုင်ကို သေသေချာချာ စိုက်ကြည့်ပါသည် ။

"ဒီစာကိုလာပေးသွားတဲ့ အမျိုးသမီးက ဘာပြောသွားသေးသလဲ"

ဟု ဆက်ပြီးမေးခွန်းထုတ်တော့ မောင်နိုင်က နဖူးကြောလေးတွန့်အောင် စဉ်းစားလိုက်ပြီးမှ ..

"နေခြည်ဧည့်ရိပ်သာမှာ မြမြနှင်းစောင့်နေတယ်တဲ့ "

ဟု စကားလည်း ဆုံးရော အပေါ်ဝတ်ကုတ်အင်္ကျီကိုဆွဲကာ ထွက်ဖို့ ပြင်ဆင်ပါတော့သည် ။

"ဆရာ, ကျွန်တော်လိုက် ..."

"မလိုက်နဲ့ တော့"

ဟု ဆိုကာ ဒုန်းစိုင်းပြီး ချက်ချင်းထွက်သွားသဖြင့် မောင်နိုင်မှာ မှ င်တက်၍ သာ ကျန်ရစ်ပါတော့သည် ။

ဘာတွေလဲ ... ဘာတွေဖြစ်ကုန်တာလဲ။ စဉ်းစားမရနိုင်အောင်ကို အ တွေးတို့ က ခေါင်းထဲ၌ ချာချာလည်နေရပါသည် ။ ဒီစာက ဘာလဲဟု စ ဉ်းစားရင်းပင် လမ်းလျှောက်လာခဲ့ရာ နောက်ဆုံး၌ မီးဖိုဆောင်ဘက်သို့ ရောက်လာခဲ့ရပါသည် ။

မီးဖိုဆောင်ထဲဝင်ကာ ရေသောက်ရင်း တကုပ်ကုပ်ချက်ပြုတ်နေသော မိအေးနားကပ်ကာ ...

"မအေး"

"ပြော ... မောင်နိုင်၊ ဆရာက ဘာခိုင်းလိုက်လို့ လဲ"

"မခိုင်းပါဘူး၊ အဲဒီမခိုင်းတာကြီးကမှ ထူးဆန်းနေတာ"

"မခိုင်းတော့ မင်းနားရတယ်မဟုတ်လား၊ ထမင်းဆာပြီမဟုတ်လား ။ အုပ်ဆောင်းဖွင့်ပြီး စားလိုက်၊ မုန့်ညင်းဟင်းနဲ့ ကြက်ဥကြော်တော့ ရမယ်။ ဆရာနဲ့ ဆရာကတော် မစားရသေးဘူး"

"ဆရာက စားတော့မယ့်ပုံ မပေါ်ပါဘူးဗျာ"

"ဘာကိစ္စ မစားရမှာ လဲ။ အပြင်စာ စားခဲ့လို့ လား။ ဒါလည်း မဟုတ်ပါဘူး။ ဆရာ ဒီနေ့တစ်နေကုန် အပြင်မထွက်ပါဘူး"

"အခု ထွက်သွားပြီဗျ"

"မင်းက လိုက်မသွားဘူးလား"

"ဆရာက မလိုက်နဲ့ တော့တဲ့ "

"ထူးထူးဆန်းဆန်း"

"ထူးဆန်းတာကမှ တကယ့်ကိုထူးဆန်းတာဗျ၊ ဒါနဲ့ မအေး ဒီအိမ်မှာ နေတာ ဘယ်လောက်ကြာပြီလဲ"

"မမကြီးတစ်သက်ပေ့ါဟယ်"

"ဩော်, ဒါဆို ခုနစ်နှစ်လောက်ရှိပြီပေ့ါ"

"အင်း"

"ဒါဆို ခင်မှုန်ခဆိုတဲ့ နာမည်ကို သိသလား"

"ဘာ!"

ထိုနာမည်ကိုပြောလိုက်ရုံနဲ့ မအေးမှာ သတိလက်လွတ်ပင် မျက်လုံးပြူးကြီးနှင့် ကြည့်နေခဲ့၍ မောင်နိုင် အံ့ဩသွားရပါသည် ။ ပိုပြီးလည်း စိတ်ဝင်စားလာမိပါ၏။ ခင်မှုန်ခဆိုတဲ့ နာမည်က ဒီရွှေခြံရုံမှ လူတွေကို တုန်လှုပ်စေ၍ ဘယ်လိုလူမျိုးဖြစ်ပြီး ဘယ်လိုဆက်နွယ်မှုမျိုးလဲ ဆိုတာ မောင်နိုင် သိချင်နေမိပါသည် ။

မိအေးက မောင်နိုင့်ကို မှ င်တက်စွာကြည့်နေရာမှ သတိဝင် လာပြီး ...

“မင်း ဒီနာမည်ကို ဘယ်ကသိလဲ၊ ဘယ်သူပြောတာလဲ”

“ဘာဖြစ်လို့ လဲ”

“မင်းကတော့ အိုးစားကွဲချင်ပြီထင်တယ်”

“ဘာဖြစ်လို့ လဲဗျ၊ မအေးကလည်း ”

“နောက် ဒီနာမည်ကို ဒီအိမ်ကြီးထဲမှာ မပြောပါနဲ့ ကြက်သီးထလွန်းလို့ ”

“ကျွန်တော်အရမ်းကိုစိတ်ဝင်စားနေပြီ မအေး။ အဲဒီခင်မှုန်ခဆိုတာ ဘယ်သူလဲ။ ဆရာကလည်း အဲဒီခင်မှုန်ခကြောင့် အပြင်ထွက်သွားတယ် ”

“ဘာ! ဆရာအပြင်သွားတယ် ဟုတ်လား၊ ပြောစမ်းပါ၊ ငါ့ကို သေသေချာချာပြောစမ်းပါ”

“စောစောက အိမ်ကို အမျိုးသမီးတစ်ယောက်လာတယ်။ ကလေးတစ်ယောက်ကို လက်မှာ ဆွဲထားတယ်။ မြမြနှင်းလို့ ပြောပြီး တစ်ချိန်က ခင်မှုန်ခလို့ လည်း ပြောသေးတယ်။ ဆရာ့အတွက်ဆိုပြီး စာတစ်စောင်ပေးလို့ ဆရာ့ဆီပို့လိုက်တာ ဆရာက စာဖတ်ပြီး ချက်ချင်းထွက်သွားတော့တာပဲ”

“ပြဿနာတော့ မိုးမီးလောင်တော့မှာ ပဲ မောင်နိုင်ရယ်။ မင်းကတော့ ပြဿနာကို မီးခွက်ထွန်းရှာမိပြီ။ ဒုက္ခပါပဲ”

“ဘာတွေလဲဗျ”

“ဒီအကြောင်းကို ဆရာကတော်သိပြီးပြီလား”

“ဆရာကတော် မရှိဘူးလေဗျ။ မိဘဆရာအသင်းနှစ်ပတ်လည်ဆိုပြီး

မမကြီးနဲ့ မမလေးတို့ ကျောင်းကိုသွားတယ်”

“ဒုက္ခပဲ၊ ဒါနဲ့ ဒေါ်ကြီးစိန်ရော”

“ဒေါ်ကြီးစိန်ရော ဆရာကတော့်နောက် လိုက်သွားတယ်လေ”

“အဲဒါမှ ဒုက္ခပဲ”

“မအေး ကျွန်တော်က ဘာများ လုပ်မိလို့ လဲဗျ”

“မင်းလုပ်တာ မဟုတ်ဘူး ၊ ခင်မှုန်ခ လုပ်တော့မှာ ”

“ခင်မှုန်ခ… ဟုတ်လား”

“မင်းကတော့ နောက်မှ ရောက်လာတဲ့ လူကိုး။ ခင်မှုန်ခကို ဘယ်သိပါ့မလဲ”

“ခင်မှုန်ခ ဟုတ်လား၊ သူက ဘယ်လိုလူမျိုးလဲ၊ ဘယ်သူလဲ။ ဘာကြောင့် အဲဒီခင်မှုန်ခဆိုတဲ့ နာမည်လှလှက လူတွေကို ပြောင်းလဲစေနေရတာလဲ”

“ဒီကမ္ဘာမှာ မင်း ဘာကိုအကြောက်ဆုံးလဲ”

“သရဲ”

“အေး… အဲဒီသရဲထက် ကြောက်စရာကောင်းတာက အဲဒီနာမည်လှလှနဲ့ ခင်မှုန်ခပဲ”

“ဗျာ”

“အူကြောင်ကြောင်နဲ့ ”

“မအေး ကျွန်တော့်ကိုလည်း နည်းနည်းနားလည်သွားအောင် ရှင်းပြပါဦးဗျာ။ ဟိုတစ်ပိုင်း ဒီတစ်စနဲ့ ကျွန်တော် ရူးချင်နေပြီ”

"အခုက ရှူးချင်ရုံအဆင့်ပဲရှိသေးတာ။ ခင်မှုန်ခသာ ဒီရွှေခြံရုံကိုရောက်လာရင် မင်း သွက်သွက်ခါ ရှူးသွားဦးမှာ "

"ဗျာ အဲ့လောက်ထိ ဆိုးသလား။ ဆရာ့ညီမလား"

ဟု နားမလည်ပါးမလည် အူကြောင်ကြောင်ဆိုတော့ မိအေးမှာ မောင်နိုင့်ကိုစိတ်ပျက်သလို ကြည့်ပြီးမှ ...

"မထူးတော့ပါဘူးကွယ်၊ ငါ မင်းကိုပြောပါတော့မယ်။ ဒါမှ မင်းလည်း ဆင်ခြင်လို့ ရတာပေါ့"

ဟု ဆိုကာ ထိုင်ခုံတစ်လုံးတွင် ကျကျနနထိုင်ပြီးမှ ...

"ခင်မှုန်ခဆိုတာ မမကြီးနဲ့ မမလေးတို့ ကို ထိန်းရတဲ့ ကလေးထိန်းပေါ့။ ဆံပင်ရှည်ပြီး ယဉ်ယဉ်နဲ့ လှတယ်။ အဲဒီအချိန်တုန်းကတော့ မမကြီးနဲ့ မမလေးက ငယ်သေးတယ်။ မမလေးမွေးပြီး နှစ်လလောက်အကြာမှာ ခင်မှုန်ခ ဒီအိမ်ကြီးကို ရောက်လာတယ်။ ရောဝတီနယ်ဘက်က ဆိုတာပဲ။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ပေါ့။ ခင်မှုန်ခက ဒီအိမ်ကြီးမှာ တစ်နှစ်ကျော်လောက် နေသွားတယ်။ တစ်နှစ်လောက်တော့ ဘာပြဿနာမှ မရှိပေမယ့် ကျန်တဲ့ သုံးလလောက်ကတော့ ပြဿနာတွေ အများကြီးပေးခဲ့တယ် "

"ဘယ်လိုပေးတာလဲ"

"ဆရာနဲ့ တိတ်တိတ်ပုန်းညားနေကြတယ်လေ"

"ဗျာ "

"မင်းသိတဲ့ အတိုင်း ဆရာကတော်က ဆရာ့ကို ကိုးကွယ်ယုံကြည်တဲ့ မိန်းမတစ်ယောက်လေ။ အိမ်ကလူတွေအားလုံး ဒီကိစ္စကိုသိနေကြတာတောင် ဆရာကတော်က သိသေးတာ မဟုတ်ဘူး ။ နောက်တော့ ဆရာ

ကတော်က ဒီကိစ္စကို ဘယ်ကဘယ်လို သိသွားတယ်မသိဘူး၊ ခင်မှုန်ခကို ပြောဆိုတော့တာပဲ။ ခင်မှုန်ခက မယားငယ်ပီပီ တောင်းပန်တာပေါ့လေ။ နောက်တော့ ဆရာကတော်လည်း စိတ်ဆိုးဆိုးနဲ့ ရေမွှေးပုလင်းနဲ့ ကောက်ပေါက်လိုက်တာ ခင်မှုန်ခရဲ့ နဖူးကို အမှတ်မထင်ထိသွားတယ်၊ ပြဿနာက အဲဒီမှာ စတော့တာပဲ။ ဖြစ်ချင်တော့ ခင်မှုန်ခမှာ ကိုယ်ဝန်ရှိနေပြီလေ”

“ဩော် အဲဒီလောက်ထိပဲလား”

“ဆရာတို့ မိသားစုက အယူသီးကြတယ်လေ။ သားယောက်ျားလေးကမှ အမွေဆက်ခံသူလို့ အယူရှိကြတယ်။ သားမမွေးနိုင်တဲ့ မိန်းမဟာ ဇနီးမဟုတ်သလိုပဲ။ သမီးချည်း နှစ်ယောက်ဆက်တိုက်မွေးတဲ့ ဆရာကတော်တို့ အိမ်ထောင်ရေးက သိပ်မသာယာတဲ့ အထဲ ခင်မှုန်ခရဲ့ ကိုယ်ဝန်က ပြဿနာဖြစ်ပြီပေါ့။ ဆရာက ကိုယ်ဝန်ကြောင့် ခင်မှုန်ခကို လက်ခံတယ်”

“ဒါဆို ဆရာက ဒီအိမ်မှာ မယားပြိုင်ထားခဲ့တာပေါ့”

“ဒီလိုတော့ ဘယ်လိုလုပ်ရမလဲ၊ ဆရာ သိက္ခာကျတာပေါ့။ ခင်မှုန်ခက အငယ်အနှောင်းအဖြစ်ပဲ တိတ်တိတ်ပုန်းရှိနေခဲ့တယ်”

“အနေအထားတွေက နေရခက်ချင်စရာကောင်းလိုက်တာနော်။ ဆရာကတော်က တော်တော်သဘောထားကြီးတာပဲ”

“ကြီးလှတယ်တော့ ဘယ်ဟုတ်မလဲ။ ဆရာ့ကိုမှ မလွန်ဆန်နိုင်တာ။ ပြီးတော့ သမီးနှစ်ယောက်ကို ဆရာက စောစောကတည်းကမှ စိမ်းနေရတဲ့ အထဲ အဖေမရှိတဲ့ ဘဝနဲ့ မကြီးနဲ့ မမလေးကို မကြီးပြင်းစေချင်လို့ သည်းခံနေခဲ့တယ်ထင်တာပဲ။ ဆရာကတော်က သည်းခံနေတယ်ဆိုပေမယ့်လည်း မယားပြိုင်တွေလေ၊ ပြဿနာတော့ အနေးနဲ့ အမြန်ဖြစ်ကြ

တာပေ့ါ။ ခင်မှုန်ခက နဖူးမှာ သွေးထွက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဆရာကတော့်ကို အငြိုးထားတယ်ထင်ပါရဲ့ ။ တစ်နေ့တစ်မျိုး ပြဿနာချည်းဖန်တီးတော့တာပဲ။ မယားငယ်ဆိုတော့ အမူပိုတယ်လေ။ ငါတောင် မယားငယ်ပြဿနာလုပ်လို့ ဒီအိမ်က နှစ်လလောက် ထွက်သွားရသေးတယ်”

“ဩော် အဲဒီလောက်ထိ ဆိုးသလား”

“ဒါပေမဲ့ ဆိုးတဲ့ လူက ထက်မြက်တဲ့ လူကို ဘယ်လိုလုပ်ယှဉ်သာမလဲ”

“ဘာတွေဆက်ဖြစ်သလဲ”

“အရင်က ဖိုးကျော်ဆိုတာ တစ်ယောက်ရှိတယ်။ ဖိုးကျော်မရှိတော့ မင်းကို ဖိုးကျော်နေရာမှာ ထားတာပဲ”

“ဖိုးကျော်က ဘာဆိုင်လို့ လဲ”

“ဖိုးကျော်က လူပျိုလူလွတ်၊ အူကြောင်ကြောင်ကောင်လေ”

“အင်း... အဲဒီတော့”

“ဖိုးကျော်နဲ့ ခင်မှုန်ခတို့ ဆရာမသိအောင် တိတ်တိတ်ပုန်း ညားနေကြပါတယ်ဆိုပြီး ဆရာကတော်က သက်သေပြပြီး ခင်မှုန်ခကို မောင်းထုတ်ပစ်လိုက်တယ်”

“ဟုတ်လား၊ တကယ်ပဲ ညားနေကြတာလား”

“လုပ်ဇာတ်ပေ့ါဟယ်၊ ဖိုးကျော်လို ပေါကြောင်ကြောင်ကောင်နဲ့ ခင်မှုန်ခလို တွက်ကိန်းကြီးတဲ့ မိန်းမက ဖြစ်စရာလား”

“အိုး... ဆရာကတော်ကလည်း ကြောက်စရာကောင်းလိုက်တာ”

“ဆရာကတော် အဲဒီလိုလုပ်လိုက်တာ ကောင်းတယ်။ နို့မဟုတ်ရင် ခင်မှုန်ခကို ကတော်လေးအဖြစ်ထားရတာ အားလုံး ခေါင်းကြိမ်းပြီး နေနေရတာ။ အင်မတန်ပြဿနာရှာတဲ့ ကောင်မ။ ဒါပေမဲ့ ဗိုက်ထဲက ဆရာ့သွေးနဲ့ ဖိုးကျော်အတွက်တော့ ဘယ်လိုလုပ် စိတ်ကောင်းနိုင်မလဲ။ ဒါကြောင့်ထင်ပါရဲ့ ၊ ဆရာကတော်ရဲ့ မျက်နှာဟာ အမြဲတမ်းမှိုင်းပြပြနဲ့ ၊ သူလည်း ဘယ်စိတ်ကောင်းပါ့မလဲလေ၊ ဖိုးကျော် ရိုးသားတယ်ဆိုတာ သိနေတာကိုး။ ဆရာကတော်က အလုပ်သမားတွေအပေါ် စေတနာထားတယ်လေ။ ခင်မှုန်ခ ထွက်သွားတာနဲ့ ငါ့ကိုပြန်ခေါ်တာ ကြည့်ပါလား”

“ဒါကြောင့် ဆရာနဲ့ ဆရာကတော်တို့ ရဲ့ ဆက်ဆံရေးက အေးစက်စက်ဖြစ်နေတာကိုး”

“အချိန်ခဏလေးမှာ ခင်မှုန်ခက ဆရာ့ရဲ့ နှလုံးသားကို ဆွဲနှုတ်သွားတယ်ထင်ပါရဲ့ ။ ခင်မှုန်ခ ထွက်သွားပြီးတာနဲ့ ဆရာလည်း စိတ်နဲ့ ကိုယ် အတူမရှိသလိုပဲ”

“ဒီလေးနှစ်လောက်မှာ ဘာသံမှ မကြားရဘဲ အခုမှ ပေါ်လာတယ်ဆိုတော့ ဘာကိစ္စလဲ”

“တစ်ခုပဲရှိတယ်။ ခင်မှုန်ခရဲ့ ကိုယ်ဝန်ပဲ”

“ကိုယ်ဝန်”

“အဲဒါ ဆရာကိုယ်ဝန်ဆိုတာ ဆရာနဲ့ ဒေါ်ကြီးစိန်ကလွဲရင် အားလုံးသိတယ်။ ငါဆုတောင်းတာက အဲဒီကလေးကိုသာ ယောက်ျားလေးမဖြစ်ပါစေနဲ့ လို့ ”

“ယောက်ျားလေးဆိုရင် ဘာဖြစ်မလဲ”

“ မှန်းဆမရနိုင်တဲ့ ပြဿနာအကြီးကြီးက ဒီရွှေခြံရုံထဲ ရောက်လာ

ကုန်တော့မှာ လေ”

“ကလေး… ကလေး”

ဟု မောင်နိုင်မှာ ယောင်နနလေး ရေရွတ်ကာ မြမြနှင်းဆိုသောအမျိုးသမီးရဲ့ လက်ကို ဆွဲထားသော သုံးနှစ်သားအရွယ်ခန့် ကလေးငယ်ကို ပြန်မြင်ယောင်ကြည့်မိကာ ခေါင်းကိုခါရမ်းလိုက်ပါတော့သည် ။

*